# စားနပ်ရိက္ခာထောက်ပံ့မှု ၁၃၉ ပြောင်းရွှေ့ခြင်း!

## ဩဂုတ်လ ၁ ရက်နေ့မှ စတင်ပြီး စားနပ်ရိက္ခာထောက်ပံ့မှု ၁၃၉ ကို ၄၄ ဘရက်ကင်ရစ်ခ်လမ်း၊ ဘတ်ဖလို၊ နယူးယောက် ၁၄၂၁၃ တွင် ပြောင်းရွှေ့ ဖွင့်လှစ်ပါမည်။

အစားအသောက်ထားသိုသောအခန်း၏ဝင်ပေါက်သည် နိုင်ရာဂရာလမ်းကို မျက်နှာမူထားပြီး ရက်စ်ဘိတ် နှင့် တက်ကယ်နှင့် တွင်ပက်ထရယ်(ယခင် ရီစာဂျန့်ဘီယာကုမ္ပဏီ) လမ်းနှစ်လမ်းကြားတွင် တည်ရှိပါသည်။

နေရာပြောင်းရွှေ့မှုနှင့် ပတ်သတ်ပြီး အောက်တွင်ဖေါ်ပြထားသောအကြောင်းအရာအသေးစိတ်ကို ဖတ်ရှုပါ။




ချစ်လှစွာသော စားနပ်ရိက္ခာထောက်ပံ့မှု ၁၃၉ အသုံးပြုသူများ၊

အစားအသောက်ထားသိုသောနေရာကို ပြောင်းရွှေ့ဖွင့်လှစ်လိုက်ပါပြီ။

ဂျူလိုင်လ ၂၀၂၃ခုနှစ်အထိ ယခုလက်ရှိနေရာ(၁၃၉ ဗာမောင့်လမ်း)တွင် ဆက်လက်ဖွင့်လှစ်ပေးထားပါမည်။

နောက်ဆုံးနေ့အဖြစ် ဂျူလိုင်လ ၂၇ ရက်၊ကြာသပတေးနေ့အထိ အသုံးပြုသူများအတွက် ဗာမောင့်လမ်းတွင် ဖွင့်လှစ်ပေးထားပါမည်။

ဩဂုတ်လ ၂ ရက်၊ ဗုဒ္ဓဟူးနေ့မှစတင်၍ နေရာအသစ်တွင် ကျွန်ုပ်တို့စတင်ဖွင့်လှစ်ပေးသွားပါမည်။

အစားအသောက်ဝန်ဆောင်မှုပေးရာတွင် စေတနာ့ဝန်ထမ်းများ၊ ဝန်ထမ်းများနှင့် ဘုတ်အဖွဲ့ဝင်များ၏ အကူအညီဖြင့် စိတ်အနှောင့်အယှက်မဖြစ်စေရန် မျှော်လင့်ပါသည်။ ကျွန်ုပ်တို့သတ်မှတ်ထားသော အချိန်ဇယားသည်လည်း ပြောင်းလဲမည်မဟုတ်ပါ။ ဗုဒ္ဓဟူးနေ့တွင် ၁၂ နာရီမှ ညနေ ၃ နာရီအထိနှင့် ကြာသပတေးနေ့တွင် ညနေ ၅ နာရီမှ ညနေ ၇ နာရီအထိ အစားအသောက်သိုလှောင်ခန်းကို ဆက်လက်ဖွင့်လှစ် ပေးထားပါမည်။

## ပြောင်းရွှေ့သော နေရာအသစ်

၄၄ ဘရက်ကန်ရစ်ခ်လမ်း သည် အတည်ပြုလိပ်စာဖြစ်ပါသည်။ သို့သော် ကားပါကင်နှင့် ဝင်ပေါက်သည် နိုင်ရာဂရာလမ်းပေါ်တွင်ရှိပြီး ရက်စ်ဘိတ်နှင့် တက်ကယ်နှင့်တွင်ပက်ထရယ်(ရီစာဂျန့်ဘီယာကုမ္ပဏီဟောင်း) လမ်းနှစ်လမ်းကြားတွင် တည်ရှိပါသည်။

အဆောက်အအုံသစ်ရှေ့ကားပါကင်တွင် သင်၏ကားရပ်နားရန်နေရာရှိပါသည်။

အစားအသောက်သိုလှောင်ခန်းအသစ်ထားရှိရာ အဆောက်အအုံ၏ပြင်ပမြင်ကွင်းကို အောက်ပါပုံတွင်သင်တွေ့နိုင်ပါသည်။



အပေါ်ဘက်မှမြင်နိုင်သော မြင်ကွင်းပုံ ( အစားအသောက်သိုလှောင်ခန်းအသစ်ကို ကြယ်ပုံဖြင့်ပြထားပါသည်။)




## ၁၃၉ ဗာမောင့်လမ်းမှ နေရာသစ်သို့ လမ်းလျှောက်လာခြင်း/စက်ဘီးစီးလာခြင်း/ကားမောင်းလာခြင်းဖြင့် လာရောက်လိုပါက

၁၃၉ ဗာမောင့်လမ်း(ကနဦးအစားအသောက်သိုလှောင်ခန်းရှိရာနေရာ) မှ ၄၄ ဘရက်ကန်ရစ်ခ်လမ်းသို့ လမ်းလျှောက်လာခြင်း/စက်ဘီးစီးလာခြင်း/ကားမောင်းလာခြင်းအတွက် လမ်းညွှန်ချက်ဖြစ်ပါသည်။ တစ်နေရာနှင့် တစ်နေရာအကွာအဝေးသည် ၁ မိုင် သို့မဟုတ် မိနစ် ၂၀ ခန့်လမ်းလျှောက်လျှင် ရောက်နိုင်ပါသည်။

၁။ ဗာမောင့်လမ်းမှ အနောက်ဘက်သို့ ဦးတည်ပြီး နိုင်ရာဂရာလမ်းဘက်သို့လာပါ။ (၀.၁ မိုင်)

၂။ ပရော့စပက်လမ်းရောက်လျှင် ညာဘက်သို့ကွေ့ပါ။ (၀.၅ မိုင်)

၃။ နိုင်ရာဂရာလမ်းညာဘက်သို့ ကွေ့ပါ။ (၀.၅ မိုင်)

၄။ အစားအသောက်သိုလှောင်ခန်းကို သင်၏ဘယ်ဘက်ခြမ်းတွင်တွေ့နိုင်ပါသည်။

## ဘက်စ်ကားစီးလာမည်ဆိုပါက

ဘတ်စ်အမှတ် ၅ - နိုင်ရာဂရာ-ကန်မိုး ဘတ်စ်ကားစီးလာလျှင် အနီးဆုံးမှတ်တိုင်သည် နိုင်ရာဂရာလမ်းနှင့် ဘရက်ကန်ရစ်ခ်လမ်းထောင့်တွင် တည်ရှိပါသည်။

## အခြားရွေးချယ်စရာ ဒေသတွင်းရှိအစားအသောက်သိုလှောင်ခန်း

အကယ်၍ သင်သည် အစားအသောက်သိုလှောင်ခန်းနေရာသစ်သို့ မသွားနိုင်ပါက၊ သင့်အတွက် ကျွန်ုပ်တို့စိတ်မကောင်းဖြစ်မိပါလိမ့်မည်!

သို့သော် ဒူဗီးလ်တက္ကသိုလ်ကျန်းမာရေးကျွမ်းကျင်သူများဆုံရပ် D'Youville University Health Professions Hub တွင် သင့်အတွက် အစားသောက်ဥယျာဉ် ရှိပါသည်။ ထိုနေရာသည် ဗာမောင့်လမ်းနှင့် လမ်းအနည်းငယ်သာဝေးသောကြောင့် သင့်အတွက် အဆင်ပြေနိုင်ပါသည်။

(မှတ်ချက်။ သင်သည် စားနပ်ရိက္ခာထောက်ပံ့မှု ၁၃၉ နှင့် အစားသောက်ဥယျာဉ် နှစ်နေရာလုံးသို့ သွားရောက်ခွင့်မရှိပါ။ ထိုနှစ်နေရာမှ မိမိကြိုက်နှစ်သက်ရာနေရာ တစ်ခုကိုသာရွေးချယ်နိုင်ပါသည်။)

အစားသောက်ဥယျာဉ်သည် ၃၀၁ ကွန်နက်တီကတ်လမ်း၊ သုံးလွှာတွင် တည်ရှိပါသည်။ ၁၃၉ ဗာမောင့်လမ်း (မူလအစားအသောက် သိုလှောင်ခန်းရှိရာနေရာ) မှ ၂.၅ လမ်း သာကွာဝေးပါသည်။

အစားအသောက်ဥယျာဉ်သည် တစ်လတကြိမ်သာ အစားအသောက်ထုတ်ခွင့်ပေးမည်ဖြစ်ကြောင်း သင်သိရှိထားသင့်ပါသည်။ (စားနပ်ရိက္ခာထောက်ပံ့မှု ၁၃၉တွင် တစ်လလျှင်နှစ်ကြိမ်အစားအသောက်ထုတ်ခွင့်ရှိပါသည်။)

အစားအသောက်ဥယျာဉ်ကို အင်္ဂါနေ့ နှင့် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ နေ့လည် ၂ နာရီအထိဖွင့်လှစ်ပေးထားပါသည်။


အစားအသောက်ဥယျာဉ်တွင် သင်၏မိသားစုဝင်အားလုံး၏ အထောက်အထားဓါတ်ပုံနှင့် လိပ်စာအထောက်အထားတို့ကို အသုံးပြုပြီး စာရင်းသွင်းရပါမည်။

သင်သည် အစားအသောက်ဥယျာဉ်နှင့်ပတ်သတ်၍မေးမြန်းလိုသည်များရှိပါက ကေတီ၏ဖုန်းနံပါတ် ၇၁၆-၈၂၉-၇၇၃၆ သို့ဆက်သွယ်နိုင်သလို အလုပ်ချိန်အတွင်းတွင်လည်း ကိုယ်တိုင်သွားရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

အစားအသောက်ဥယျာဉ်တည်ရှိရာ ဒူဗီးလ်တက္ကသိုလ်ကျမ်းမာရေးကျွမ်းကျင်သူများဆုံရပ် D’Youville University Health Professions Hub ၏ပုံကို အောက်တွင်ဖေါ်ပြပေးထားပါသည်။




၁၃၉ ဗာမောင့်လမ်းမှ အစားအသောက်ဥယျာဉ် သို့ လမ်းလျှောက်သွားလိုပါက လမ်းညွှန်မြေပုံ



**စားနပ်ရိက္ခာထောက်ပံ့မှု ၁၃၉ မှ ပုံမှန်သတင်းများရရှိခြင်း**

စားနပ်ရိက္ခာထောက်ပံ့မှု ၁၃၉၏ လုပ်ငန်းစဉ်များကို ကျွန်ုပ်တို့သင့်အား အမြဲကြောင်းကြားပေးလိုပါသည်။ ကျွန်ုပ်တို့၏ ဖုန်းမှစာပို့ဆက်သွယ်မှုနှင့် အီးမေးဆက်သွယ်မှုအတွက် စာရင်းပေးထားခြင်းဖြင့် နောက်ဆုံးရသတင်းများ၊ ပွဲများ နှင့် အစားအသောက်ရရှိနိုင်မှုများကို ကျွန်ုပ်တို့ဘက်မှ အမြဲဆက်သွယ်အကြောင်းကြားပေးပါမည်။ ( နေရာပြောင်းရွှေ့မှုနှင့်ပတ်သတ်၍ ကျွန်ုပ်တို့၏အစီအစဉ်အပြောင်းအလဲများရှိပါက သင့်အားအမြန်ဆုံးအကြောင်းကြားပေးနိုင်ရန်ဖြစ်ပါသည်။)

**ဖုန်းမှစာပို့မှု နောက်ဆုံးရသတင်း** - နောက်ဆုံးရသတင်းများကို ဖုန်းမှစာပို့ဆက်သွယ်မှုရရှိလိုပါက၊ ၈၁၀၁၀ သို့ @prov139 သို့ စာပို့နိုင်သလို အစားအသောက်သိုလှောင်ခန်းမှ စာရင်းသွင်းရာစားပွဲတွင် သတိပေးသတင်းလွှာကို ရယူပြီး ဖေါ်ပြထားသော လုပ်ဆောင်ရန်အဆင့်များအတိုင်း လုပ်ဆောင်နိုင်ပါသည်။ ( အင်္ဂလိပ်/စပိန် ဘာသာစကားများဖြင့်ရရှိနိုင်ပါသည်။)

**အီးမေးပို့ နောက်ဆုံးရသတင်း** - နောက်ဆုံးရသတင်းများကို အီးမေးလ်ဆက်သွယ်မှုဖြင့် လက်ခံရယူလိုပါက bit.ly/Provisions139News တွင် စာရင်းပေးသွင်းနိုင်သလို ဂျွန်လရုံးချိန်အတွင်း စေတနာ့ဝန်ထမ်း အေဗာနှင့်တွေ့ဆုံ စာရင်းပေးနိုင်ပါသည်။

**မေးမြန်းစုံစမ်းလိုပါသလား?**

အကယ်၍သင့်သည် ပြောင်းရွှေ့ခြင်း သို့မဟုတ် စားနပ်ရိက္ခာထောက်ပံ့မှု၁၃၉ နှင့်ပတ်သတ်ပြီး မေးမြန်းလိုသည်များရှိပါက၊ စေတနာ့ဝန်ထမ်းအား မေးမြန်းနိုင်သလို တောင်ပိုင်းရပ်ရွာအခြေပြုဝန်ဆောင်မှု (West Side Community Services) (အစားအသောက်သိုလှောင်ခန်း၏ မျက်နှာချင်းဆိုင်လမ်း ၁၆၁ ဗာမောင့်လမ်း) သို့လာရောက်ပြီး ကျွန်ုပ်တို့၏ဝန်ထမ်းအား မေးမြန်းနိုင်ပါသည်။

သင်သည် မေရီအား ၇၁၆-၈၈၄-၆၆၁၆ x၁၀၅ သို့ဖုန်းခေါ်ဆိုနိုင်သလို info@wscsbuffalo.org သို့အီးမေးလ်ပို့မေးမြန်းနိုင်ပါသည်။